# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၂၉)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၂-၇-၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ် **ပြည်တွင်းစစ်ဘေးဒဏ်သင့်နှင့် စစ်ဘေးရှောင် ပြည်သူများအတွက် သစ်တောကြိုးဝိုင်းတွင် ခေတ္တနေထိုင်နိုင်ရန်၊ ရေရှည်အသက်ရှင်ရပ်တည်နိုင်ရန်နှင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ မြှင့်တင်ရန်ကို နိုင်ငံတော်မှ မည်သို့ဆောင်ရွက်ပေးနေကြောင်းနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူသားဘဝလုံခြုံရေးအတွက် မည်သည့်မူဝါဒဖြင့် ဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်မြောက်ပိုင်း၊ မယ်ဟန်-မိုင်းရယ် ကားလမ်းပိုင်းရှိ ပျက်စီးနေသော ကားလမ်းအပိုင်း အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းအတွက် (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ် လုပ်ငန်း လျာထားချက်တွင် မည်သည့်အတွက် ရန်ပုံငွေ**

**လျာထား ဆောင်ရွက်ပေးခဲ့ခြင်း မရှိသည်ကို သိလိုခြင်း၊ လမ်း၊ တံတား လုပ်ငန်းများအတွက် ရန်ပုံငွေလျာထားရာတွင် မည်သည့် မူဝါဒဖြင့် မည်ကဲ့သို့ ရန်ပုံငွေခွဲဝေလျာထားသည်ကို သိလိုခြင်း၊ မယ်ဟန်– မိုင်းရယ်ကားလမ်းအပိုင်းတွင် လမ်းအဆင့် မြှင့်တင်တိုးချဲ့ပေးရန် ကျန်ရှိနေသော လမ်းအပိုင်းအချို့အား မည်သည့်ကာလတွင် အပြီးဆောင်ရွက်ပေးမည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၏ **ရတနာပုံ စီလီကွန် စီမံကိန်းမြေအဖြစ် သိမ်းဆည်းထားသော ဧကတစ်သောင်းအား ရည်မှန်းထားသည့် နိုင်ငံတော်စီမံကိန်းများကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် အသုံးပြုရန်မလိုသော ကျန်မြေဧကများကို ဒေသခံတောင်သူများအား စိုက်ပျိုးလုပ်ကိုင်ခွင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုးစံသက်ထွန်း၊ မြင်းမူ မဲဆန္ဒနယ်၏ **စစ်ကိုင်း–မုံရွာကားလမ်းပေါ်ရှိ မိုင်တိုင်(၄၆/၃ နှင့် ၄၆/၄ ကြား) မြင်းမူမြို့တွင် လမ်း/တံတား အသုံးပြုခ ကောက်ခံလျက်ရှိသော ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီ၏ လမ်း/တံတားအသုံးပြုခကောက်ခံရေးဂိတ်အား ဖျက်သိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၏ **BOT စနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးထားသော လမ်းများ၏ အရည်အသွေးသည် ပြည်သူများပေးဆောင်နေရသည့် လမ်းအသုံးပြုခနှုန်းထားများနှင့် ထိုက်တန်မှုမရှိ ဖြစ်နေခြင်းများကို မည်ကဲ့သို့ စိစစ်ကြပ်မတ် ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရခိုင်ပြည်နယ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းတင်ဒါ ရရှိသူများထံမှ လုပ်ငန်းတန်ဖိုး၏ ၅% ဖြတ်တောက်ကောက်ခံရရှိငွေအပေါ် လုပ်ငန်းတစ်ခုချင်းအလိုက် သိလိုခြင်း၊ ဤကဲ့သို့ရရှိငွေများကို အရည်အသွေး**

**(QC) စစ်ဆေးရာတွင် မည်သို့သုံးစွဲခဲ့ပြီး လက်ကျန်ငွေ မည်မျှ ရှိသည်ကို သိလိုခြင်းနှင့် ဤကဲ့သို့ကောက်ခံခြင်းသည် ဥပဒေနှင့် ညီ၊ မညီ သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၊

(ခ) ဒေါ်နန်းထွေးသူ၊ ဖားဆောင်း မဲဆန္ဒနယ်၊

(ဂ) ဦးဦးလှစော၊ မြောက်ဦး မဲဆန္ဒနယ်၊

၈။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **“အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။